


# “ကမ္ဘာကြီး သိပါစေ...”

ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) နှင့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND–Burma) တို့ ပူးပေါင်း ပြုစုထားသည့် အစီရင်ခံစာ အကျဉ်းသည် အာဏာသိမ်း စစ်အာဏာရှင်တပ်များ မှ ကရင်နီ(ကယား)ပြည်နယ်တွင် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား တင်ပြ ထားခြင်း ဖြစ်သည်။

မျက်နှာဖုံးဓာတ်ပုံ– ဖမ်းဆီးထားသောရွာသားများအား ကားပေါ်တွင်ပင် စစ်အာဏာရှင်တို့မှ မီးရှို့သတ်ဖြတ်ထားပြီးနောက် တွေ့ရသည့် မီးလောင်ကျွမ်းထားသောမော်တော်ယာဉ်များ (KNDF via AP)(Uncredited / Associated Press)


KARENNI HUMAN RIGHTS GROUP

NETWORK FOR HUMAN RIGHTS DOCUMENTATION - BURMA
PO Box 67, CMU Post Office, Chiang Mai 50202, Thailand, Mobile: +66 (0) 819 615 992, Tel/Fax: +66 (0) 53 408 149
office@nd-burma.org, www.nd-burma.org



## နိဒါန်း

မြန်မာစစ်တပ်သည် အနှစ် ၇၀ ကျော်ကြာ ပြည်တွင်းစစ်တလျှောက် ရက်ရက်စက်စက် အကြမ်းဖက် နှိပ်ကွပ်ဖြိုခွင်းတတ်သည့် အစဉ်အလာရှိသည်။ နိုင်ငံတကာ အသိုင်းအဝိုင်း၊ အရပ်ဖက်အဖွဲ့အစည်းများ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ကာလကြာရှည်စွာ ဆွေးနွေးညှိနှိုင်းနေသော်လည်း စစ်တပ်၏ လွဲမှားစွာ တည်ဆောက်ထားသည့် အတွေးအမြင်မှ ကျော်လွန်ပြီး ဆွေးနွေးဖက်များ၏ အသံကို နားထောင် လေ့မရှိပေ။ စစ်အာဏာရှင်တို့သည် အရပ်သားပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်နေကြပြီး နိုင်ငံတကာ ရာဇဝတ်မှုကို မရပ်မနား ချိုးဖောက်နေကြသည်။

လွန်ခဲ့သည့် တနှစ်ခန့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် မြန်မာစစ်တပ်သည် တိုတောင်းစွာ ရှင်သန်ခဲ့သည့် ဒီမိုကရေစီကာလကို ဖြိုချပစ်ခဲ့သည်။ စစ်တပ်သည် ဒီမိုကရေစီနည်းကျ ရွေးချယ်ခံရသည့် ခေါင်းဆောင်များကို ဖမ်းဆီးပြီး သက်သေမပြနိုင်သည့် "ရွေးကောက်ပွဲ မသမာမှုရှိသည်"ဟု ဆိုကာအာဏာသိမ်းခဲ့သည်။ အကြောင်းပြချက်မှာ မခိုင်လုံဘဲ စစ်တပ်အနေဖြင့် အာဏာငန်းငန်းတက်ပြီး လူထုရွေးချယ် တင်မြှောက်ထားသည့် ကိုယ်စားလှယ်များထံမှ အတင်းအဓမ္မ လုယူခဲ့ခြင်းဖြစ်သည်။ အာဏာသိမ်းပြီးသည့်နောက် စစ်အာဏာရှင်တပ်သည် မဆိုင်းမတွပင် လက်နက်တစုံတရာမရှိသည့် အပြစ်မဲ့ အရပ်သားပြည်သူများအား အကြမ်းဖက် တိုက်ခိုက်၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျ ကျူးလွန်ခဲ့သည်။

အာဏာသိမ်းပြီးချိန်မှစပြီး မရေတွက်နိုင်သည့် ဆန့်ကျင်ဆန္ဒပြသူများ ဖြိုခွဲခံရခြင်း၊ အရပ်သား ပြည်သူများ နေအိမ်ပေါ်တွင် အသတ်ခံရခြင်းနှင့် ခုခံတိုက်ပွဲဝင်သူများအား လိုက်လံ နှိမ်နင်းခဲ့သည်။ စီးပွားရေးတည်ငြိမ်မှုမှာ စောက်ထိုးကျသွားသည့်အတွက် သန်းပေါင်းများစွာသော ပြည်သူလူထုကို ဆင်းရဲတွင်းနစ်စေသည်။ တရားဥပဒေစိုးမိုးမှုနှင့် အခြေခံလွတ်လပ်ခွင့်များမှာဆိတ်သုန်းသွားသည်။

ကရင်နီ (ကယား) ပြည်နယ်သည် မြန်မာနိုင်ငံရှိပြည်နယ်တခုဖြစ်ပြီး စစ်ဆင်ရေး တိုးမြှင့်တိုက်ခိုက်ခြင်း ခံနေရသည်။ ယခုပူးတွဲအစီရင်ခံစာအကျဉ်းကို ကရင်နီလူ့အခွင့်အရေးအဖွဲ့(KnHRG)နှင့် လူ့အခွင့်အရေးမှတ် တမ်းကွန်ရက် (မြန်မာနိုင်ငံ)တို့မှ အမည်မဖော်လိုသည့် ဒေသခံအမျိုးသမီးအဖွဲ့အစည်း တဖွဲ့၏ သတင်းအချက်အလက်များဖြင့် ပေါင်းစပ်၍ ကရင်နီ (ကယား) ပြည်နယ်၏ အခြေအနေ ကို သုံးသပ်တင်ပြထားခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်မှ ဇန်နဝါရီ ၂၀၂၂ ခုနှစ်အထိ အဖြစ်အပျက် အနှစ်ချုပ် များကို စစ်အာဏာရှင်တပ်များ၏ တိုက်ခိုက်ခြင်းကိုခံရသူများနှင့် ND-Burma မှ တွေ့ဆုံမေးမြန်းထားသည့် အချက်အလက်များနှင့် ပေါင်းစပ်ထားပါသည်။

# အစီရင်ခံစာ ရေးသားသည့်နည်းလမ်း

ကရင်နီ (ကယား)ပြည်နယ်တွင် အာဏာသိမ်း စစ်အာဏာရှင်တပ်များမှ ကျူးလွန်သည့် စစ်ရာဇဝတ်မှု နှင့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့်ပြစ်မှုများကို အင်တာနက်စာမျက်နှာများ၊ သတင်း ဌာနများမှ သတင်းအချက်အလက်များအား သုတေသနပြုခြင်း၊ လူတွေ့မေးမြန်းခြင်းနှင့် ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများမှ အချက်အလက်များကို အသုံးပြုထားပါ သည်။

သတင်းအချက်အလက်ကောက်ယူစုဆောင်းသည့် အဖွဲ့အစည်းများနှင့် လူတွေ့မေးမြန်းခံရသူများက ၎င်းတို့၏ သတင်းအချက်အလက်များနှင့် အတွေ့အကြုံများကို ယခုအစီရင်ခံစာတွင်ထည့်သွင်းအသုံးပြုရန် သဘောတူကြပါသည်။ လုံခြုံရေး အခြေအနေကြောင့် လူတဦးချင်းစီ၏ အမည်နှင့် အမှတ်သားများအား လွှဲပြောင်း အသုံးပြုထားပါသည်။

စစ်အာဏာသိမ်းချိန်မှစပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ရန် အခက်အခဲ စိန်ခေါ်မှုများ ပိုများလာသည်။ အာဏာသိမ်း စစ်အာဏာရှင်တို့သည် ၎င်းတို့အား ဆန့်ကျင်သူများအား ဟန့်တားရန် စစ်ဆေးရေးဂိတ်များကို နိုင်ငံအနှံ့တိုးချဲ့ချထားပြီး ကျေးလက်နှင့် မြို့နယ်များတွင် ခရီးသွားလာသူများအား စစ်ဆေးမေးမြန်း၍ အကြမ်းဖက်ကြသည်။ ထိုသို့စစ်ဆေးကြရာတွင် မိုဘိုင်းဖုန်း၊ ကွန်ပျူတာနှင့် ၎င်းတို့အားခြိမ်းခြောက်နိုင်သည်ဟု ယူဆသည့် ပစ္စည်းများအား သိမ်းယူကြသည်။ ထို့ကြောင့် ယခုအစီရင်ခံစာရေးသားသည့်အချိန်တွင် ရရှိသည့် သတင်း အချက်အလက်များအပေါ် အခြေခံ၍ အနီးစပ်ဆုံးခန့်မှန်းတင်ပြထားခြင်းဖြစ်သည်။ စစ်ဘေးဒုက္ခသည်များနှင့် တိုက်ပွဲအရေအတွက်မှာလည်း သေဆုံး၊ ဒဏ်ရာရသူနှင့် ပျောက်ဆုံးသူများ သကဲ့သို့ပင် များပြားလာနေသည်။

အခက်အခဲ စိန်ခေါ်မှုများကြားမှ သက်သေအထောက်အထားနှင့် ထွက်ဆိုချက်များ စုဆောင်းပြီး အဆိုပါ သက်သေအထောက် အထား ထွက်ဆိုချက်များကို နစ်နာသူများနှင့် ၎င်းတို့၏မိသားစုဝင်များ တရားမျှတ မှု ရရှိစေရေးအတွက် ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံတကာ တရားစီရင်ရေးယန္တရားများအတွက် ပေးဝေမှုသည် အန္တရာယ်အလွန်ကြီးကြောင်း ND–Burma မှ အသိအမှတ်ပြုပါသည်။

*ဓာတ်ပုံ (ဘယ်)။ ဖေဖော်ဝါရီ ၁ရက် အာဏာသိမ်းပြီးချိန်မှစ၍ တိုက်ပွဲများကြောင့် ကရင်နီပြည်နယ်တွင် ထွက်ပြေး တိမ်းရှောင်နေရသည့် ပြည်သူများ [Al Jazeera: File: AP]*

*ဓာတ်ပုံ (ညာ)။ KSCC မှ ကုလသမဂ္ဂ အဖွဲ့အစည်းများအနေဖြင့် ကရင်နီစစ်ပြေးဒုက္ခသည်များအား ကူညီရန်တောင်းဆိုမှု (BNI သတင်းဆောင်းပါးမှ)*



# နောက်ခံအကျဉ်းချုပ်

၂၀၂၁ ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးရန် ကြိုးပမ်းမှုများမှာ မြန်မာစစ်တပ်ကြောင့် အချည်းနှီးဖြစ်သွားသည်။ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ (EROs) အများစုသည် စစ်အာဏာသိမ်းမှုကို လက်မခံဘဲ အသစ်ဖွဲ့စည်းလိုက်သည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) များနှင့် လက်တွဲ၍ စစ်အာဏာရှင်များအား တိုက်ခိုက်နေသည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ (EROs) နှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုမှာ အလျင်အမြန်ပင် မှေးမှိန်သွားသည်။ EROs အဖွဲ့အစည်းအချို့သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား ထောက်ခံကြောင်း ပြသကြသည်။ NUG အစိုးရကို ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး စစ်အာဏာရှင်အား ပိုမိုဆန့်ကျင်ရန် အတွက်ဖြစ်သည်။ စစ်အာဏာရှင်တို့မှ နိုင်ငံအဝှန်း ဆက်လက်ကျူးလွန်နေသည့် အကြမ်းဖက်မှုများ ရပ်တန့်ရန်နှင့် ပြည်သူများအား ရက်ရက်စက်စက် အစုအပြုံလိုက် သတ်ဖြတ်နေခြင်း အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကုလသမဂ္ဂမှ လွတ်လပ်သည့် စုံစမ်းစစ်ဆေးသူများစေလွှတ်ပြီး ကျူးလွန်သည့် စစ်အာဏာရှင်များအား နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန် NUG က တောင်းဆိုထားသည်[၁]။

နှစ်ကုန်ကာနီးသို့ ရောက်လာချိန်တွင် EROs များအပါအဝင် ဒီမိုကရေစီလိုလားသူ အင်အားစုများ အပေါ် စစ်အာဏာရှင်တို့မှ ပြင်းပြင်းထန်ထန် တိုးမြှင့်တိုက်ခိုက်လာသည်။ အာဏာသိမ်းပြီးနောက်ပိုင်း ပေါ်ပေါက်လာသည့် အင်အားစုများအား အာဏာရှင်တို့မှ အကြမ်းဖက်ဖြေရှင်းနည်းဖြင့် စစ်အင်အားသုံး ဖြေရှင်းနေသဖြင့် ယခင်က တိုက်ပွဲများ မရှိခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးတချို့ရှိ မြို့နယ်များတွင် တိုက်ပွဲများ ဖြစ်ပွားနေသည်။

ချင်း၊ ကရင်၊ ကရင်နီပြည်နယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အာဏာရှင်တပ်များ၏ မြေပြင်၊ ဝေဟင်တို့မှ ပစ်မှတ်ထား၍ ပုံမှန်တိုက်ခိုက်ခံနေရသည်။ မြန်မာနိုင်ငံသို့ လက်နက်တင်ပို့မှု ရပ်ဆိုင်းရေးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် နိုင်ငံပေါင်း ၁၁၉ နိုင်ငံမှ ထောက်ခံပြီးနောက် ကုလသမဂ္ဂက မြန်မာသို့ လက်နက်တင်ပို့ခြင်းအား အမြန်ဆုံးရပ်တန့်ရန် တောင်းဆိုခဲ့သည်[၂]။ တရုတ်နှင့် ရုရှားမှာ ကြားနေမဲပေးသည့် ၃၆ နိုင်ငံတွင် ပါဝင်ခဲ့သည်။ စစ်အာဏာရှင်တို့၏ လုပ်ရပ်အား ရှုံ့ချကြောင်း ထုတ်ပြန်ကြေငြာချက်များက မြေပြင်တွင် ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများကို အသိအမှတ်ပြု လက်ခံခြင်းဖြစ်ပြီး အခြေအနေအရပ်ရပ်က စစ်အာဏာရှင်တို့အား ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံလာစေရန် ပြင်းထန်သည့် အရေးယူမှုပြုရန် တောင်းဆိုနေသည်။

အဆက်မပြတ်တိုက်ခိုက်နေသည့်အတွက် အရပ်သားပြည်သူများမှာ နီးစပ်ရာ မြို့နယ်များ၊ ထိုင်းနှင့်အိန္ဒိယနယ်စပ်များသို့ မဖြစ်မနေ ထွက်ပြေးရွှေ့ပြောင်းကြရသည်။ ဒုက္ခသည် အရေးသည် စစ်အာဏာရှင်တို့ ဖန်တီးခဲ့ပြီး ၎င်းတို့ တာဝန်ယူရမည့် ပြဿနာ အကြပ်အတည်း အမြောက်အများထဲမှ တခုဖြစ်သည်။ ဒီမိုကရေစီနည်းကျရွေးကောက်ခံရသည့် အစိုးရတရပ်ပြုတ်ကြသွားပြီး ၆ ပတ်အကြာတွင် အရပ်သားပြည်သူများ အိမ်နီးချင်းထိုင်းနိုင်ငံသို့ ထွက်ပြေးကြရသည်[၃]။ သို့သော်လည်း ၎င်းတို့အား ထိုင်းအာဏာပိုင်တို့ကမြန်မာနိုင်ငံဘက် ပြန်မောင်းထုတ်ကြသဖြင့် လုံခြုံရေး အာမခံချက်မရှိသည့်အတွက် “နေရပ်ရင်းပြန်ပို့ရာ တွင် ဖမ်းဆီးနှိပ်စက်ခံရနိုင်သည့် ဒုက္ခသည်များအား ပြန်မပို့ရဆိုသည့် (Non–Refoulement)” အခြေခံမူအား လိုက်နာရန် ထိုင်းအစိုးရအား လူ့အခွင့်အရေးအဖွဲ့များက တောင်းဆိုကြသည်[၄]။

စစ်အာဏာရှင်တို့၏ တိုက်ခိုက်မှု ရပ်စဲရန်အတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ၏ ဆောင်ရွက်ချက်မှာလည်း အလုပ်မဖြစ်ပေ။ စစ်အာဏာရှင်တို့မှ အရပ်သားပြည်သူများအား တိုက်ခိုက်မှု ရပ်စဲရန်အတွက် ASEAN မှ ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်တွင် “ဘုံသဘောတူညီချက် ၅ ချက်” ချမှတ်ခဲ့သည်[၅]။ စစ်အာဏာရှင်တို့အနေဖြင့် ဆုံးဖြတ်ချက်ကို မလိုက်နာခြင်းမှာ အံ့ဩစရာမဟုတ်ဘဲ စစ်အာဏာရှင်တို့မှ ပြည်သူတို့၏ အသက်ကို တန်ဖိုးမထားမှုအပေါ် ဆန့်ကျင်သည့် အနေဖြင့်



*ခေတ်ပုံ။ ဒီဇင်ဘာ ၂၀ ရက်တွင် တွေ့ရသည့် ဒီမောဆိုမြို့နယ်ရှိ စစ်ပြေးဒုက္ခသည်တဦး (Myanmar Now)*

၎င်းတို့နှင့် ခပ်စိမ်းစိမ်းနေသည့် စင်္ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ကိုလည်း စစ်အာဏာရှင်တို့မှ အလေးထား ဂရုစိုက်မှုမပြပေ။

မြန်မာနိုင်ငံသည် မချိမဆန့်ခံစားနေရသည့် အခြေအနေအောက်တွင် ပြည်သူတို့၏ ဘဝမှာ ဆက်လက် အကြမ်းဖက်ခံနေရပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာလည်း ခြိမ်းခြောက်ခံနေရသည်။ မြန်မာနိုင်ငံ တွင် ပြည်တွင်း စစ်ပြေးဒုက္ခသည် ၅၉၃,၀၀၀ ရှိပြီး လူဦးရေ ၃၀၀,၀၀၀ မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းချိန်မှစ၍ ရွှေ့ပြောင်း ထွက်ပြေးနေရခြင်းဖြစ်သည်[၆]။ ၂၀၂၁ ခုနှစ် အကုန်နှင့် ၂၀၂၂ ခုနှစ် အစတွင် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားသဖြင့် စစ်ပြေးဒုက္ခသည်များ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းနှင့် အနောက်မြောက်ပိုင်းတွင် ပိုမိုများပြားလာသည်။ စစ်အာဏာရှင်တို့မှ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် များကို နှောင့်ယှက်ဖျက်ဆီးနေမှု အမြန်ဆုံးရပ်တန့်ရန် အရပ်ဖက် အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ ထပ်ကာ ထပ်ကာ တောင်းဆိုနေသော်လည်း ရက်စက်ကြမ်းကြုတ်မှု များ ရပ်ဆိုင်းသွားခြင်းမရှိပေ။

## ကရင်နီ(ကယား)ပြည်နယ် အခြေအနေ အကျဉ်းချုပ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစပြီး အကြမ်းဖက် စစ်အာဏာရှင်တို့မှ ကရင်နီ (ကယား) ပြည်နယ်တွင် ကျူးလွန် သည့် လူ့အခွင့်အရေး အခြေအနေမှာ တခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနည်းတူ ပိုမိုဆိုးရွားလာသည်။ လက်နက်ကြီးများဖြင့် ပစ်ခတ်နေခြင်းကြောင့် အရပ်သားများ၏ လုံခြုံရေးမှာ ဆိုးဆိုးရွားရွား ထိခိုက်နေပြီး ပြည်နယ်အတွင်း မငြိမ်မသက်ဖြစ်ပို၍ ဖြစ်စေသည်။ စစ်သားများမှာ တာဝန်ယူ တာဝန်ခံမှုကို ခေါင်းရှောင် နေစဉ်တွင် ဒေသခံပြည်သူများမှာ ရက်ရက်စက်စက် ပစ်မှတ်ထားခံနေရသကဲ့သို့ ပြစ်ဒဏ်ကင်းလွတ်ခွင့် ခလေ့ကြောင့် တရားမျှတမှု အလားအလာမျှော် လင့်ချက်ကို ထိခိုက်စေသည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ ဖျက်ဆီးခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ လက်နက်ကြီး လက်နက်ငယ်များဖြင့် စိတ်ထင်တိုင်း ရမ်းသမ်းပစ်ခတ်ခြင်း၊ အတင်းအကြပ် ရွှေ့ပြောင်းခံရခြင်းနှင့် အတင်းအကြပ် ဖမ်းဆီးမှုများ သည် စစ်အာဏာရှင်များ ဖိနှိပ်ရာတွင် အသုံးပြုနေသည့် နည်းလမ်းများဖြစ်သည်။ ဆေးရုံ၊ စာသင်ကျောင်း နှင့် ဘာသာရေးအဆောက်အဦးများမှာလည်း လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးရသည်။ ပြည် တွင်းစစ်အတွင်း အရပ်သားအဆောက်အဦးနှင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အဆောက်အဦးများအား လေ ကြောင်းမှတိုက်ခိုက်မှုသည် နိုင်ငံတကာ လူသားချင်းစာနာသည့်ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ စစ်အာ ဏာရှင်တို့အား လေယာဉ်ဆီများ ပံ့ပိုးကူညီသည့် တရုတ်၊ ရုရှား စသည့်နိုင်ငံများသည်လည်း ရာဇဝတ်မှုတွင် ပါဝင်ကျူးလွန် နေခြင်းပင်ဖြစ်သည်။

စစ်အာဏာရှင်တို့ကျူးလွန်သည့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ပြစ်မှုများအတွက် သက်သေ အထောက်အထားများ မှတ်တမ်းတင်ထားသော်လည်း ယခုအချိန်ထိ တာဝန်ယူ တာဝန်ခံခြင်း မရှိသေး ပေ[၇]။ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) တခုတည်းတွင်ပင် တိုင်ကြားမှု ပေါင်း ၂၀၀,၀၀၀ ကျော်ရှိပြီး ဖေဖော်ဝါရီ ၁ရက် အာဏာသိမ်းချိန်မှစပြီး စစ်အာဏာရှင်တို့ ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့် ပတ်သက်သည့် သက်သေအထောက်အထား ၁.၅ သန်းကျော် ရှိနေသည်[၈]။ စစ်အာ ဏာရှင်တပ်များ၏ ကျူးလွန်ခြင်းခံရသည့် အပြစ်မဲ့ပြည်သူများတွင် အမျိုးသမီး၊ ကလေးနှင့် သက်ကြီးရွယ် အိုများ ပါဝင်သည်။ စစ်သားများသည် အသက်အရွယ်၊ ကျားမ၊ လူမျိုး၊ ဘာသာ၊ ဆင်းရဲ ချမ်းသာမရွေး ၎င်းတို့ အား ဆန့်ကျင်သူမှန်သမျှ အကြမ်းဖက် နှိပ်ကွပ်ကြသည်။

# ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ကရင်နီ (ကယား)ပြည်နယ်မှ စစ်ပြေး ဒုက္ခသည် ၇၀၀ ကျော်သည် တောတောင်နှင့် ဝေးလံခေါင်ဖျား ဒေသများတွင် အခက်အခဲများကြား နေထိုင်ကြရသည်။




*ခေတ်ပုံ။ လူမရှိသည့် ကျေးရွာများ။ ဒေသခံ ကာကွယ်ရေးတပ်များ မြန်မာပြည်အရှေ့ခြမ်းတွင် အင်အားများပြားလာခြင်း (Al Jazeera, 7 June 2021)*

ဒေသခံ PDFs များနှင့် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ပူးပေါင်းတပ်ဖွဲ့များနှင့် စစ်အာဏာရှင်တပ်များအကြား တိုက်ပွဲများသည် ၂၀၂၁ ခုနှစ် မေလစ၍ များပြားလာပြီး ၂၀၂၁ ခုနှစ်ကုန်ကာနီးတွင် အခြေအနေမှာ ပို၍ဆိုးရွားလာသည်။ ဒီမောဆိုမြို့နယ်မှာ အထိအနာဆုံးဖြစ်ပြီး လူဦးရေ လေးပုံတပုံမှာ ရွှေ့ပြောင်း ထွက်ပြေးနေရသည်။

၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ကရင်နီ (ကယား) ပြည်နယ်မှ စစ်ပြေးဒုက္ခသည် ၇၀၀ ကျော်သည် တောတွင်းနှင့် ဝေးလံခေါင်သီသည့် နေရာများတွင် ခက်ခက်ခဲခဲ နေထိုင်ကြရသည်[၉]။ တချို့မှာ စစ်ဘေးဒဏ်မှ ကင်း လွတ်စေရန် ထိုင်းနိုင်ငံထိ ခြေလျင်သွား ခိုလှုံကြသည်။ အန္တရာယ်ကြားမှ စွန့်စားသွားရောက်ကြသူများ ၏ ထက်ဝက်မှာ အမျိုးသမီးနှင့် ကလေးများဖြစ်ကြသည်[၁၀]။ တိုက်ပွဲများမှာ လျော့ပါးသွားမည့် လက္ခဏာ မရှိခြင်းနှင့် လူသားချင်းစာနာသည့် အကူအညီများမှာလည်း ပိုမိုခက်ခဲစွာ ပေးဝေရမည့် အခြေအနေတို့ကြောင့် ၎င်းတို့၏ ဘဝမှာ မသေခြာမရေရာသည့် အခြေအနေနှင့် ပြည့်နှက်နေသည်။ စစ်အာဏာရှင်များက အကူအညီပေးနေသူများအား ပစ်မှတ်ထားနေပြီး အရေးပေါ်လိုအပ်သည့် ပစ္စည်းများ ပေးပို့နိုင်သည့် လမ်းများကို ပိတ်ဆို့ထားသည်။

အရပ်သားပြည်သူများမှာ ၄င်းတို့ရပ်ရွာများရှိကြောက်မက်ဖွယ်အခြေအနေများကြောင့် ထွက်ပြေး တိမ်းရှောင်နေရသည့်အတွက် လက်ငုပ်လက်ရင်း အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း လက်လွှတ်ဆုံးရှုံးကြရသည်။ ကျေးရွာများအတွင်း ဆက်လက်နေထိုင်ကြသူများမှာ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) ၏ တိုက်တွန်းမှုဖြင့် စစ်အာဏာရှင်တို့ လေကြောင်းမှ တိုက်ခိုက်မှုအား ကာကွယ်ရန် ကတုတ်ကျင်းများတူး၍ နေကြရသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ တတိယပတ်တွင် လက်နက် ကြီးကျည် ထိ၍ အရပ်သားပြည်သူ ၂ ဒါဇင်နီးပါး သေဆုံးကြရသည်[၁၁]။ စစ်အာဏာရှင်တို့သည် ကရင်နီ (ကယား) ပြည်နယ်အတွင်းရှိ ပြည်သူများအား လျှပ်စစ်မီး၊ ရေနှင့် အင်တာနက် စသည့် ဝန်ဆောင်မှုများကိုလည်း ဖြတ်တောက်ထားသည်[၁၂]။ စစ်အာဏာရှင်တို့သည် သတင်းအချက်အလက် ဆက်သွယ်မှုနှင့် ရေရရှိမှုကို လက်နက်သဖွယ်အသုံးပြုနေပြီး အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အရာများကို ခံစားခွင့်မပေးဘဲ ပိတ်ပင်တားဆီးထားသဖြင့် အရပ်သားပြည်သူများမှာ မဖြစ်မနေ ထွက်ပြေး ပြောင်းရွှေ့ကြရသည်။

ဒေသခံ အမျိုးသမီးအစည်းအရုံး၏ မှတ်တမ်းများအရအောက်ပါကျေးရွာများမှ ရွာသားများထွက်ပြေး ပြောင်းရွှေ့သွားကြသည်။

- ဒီမောဆိုမြို့နယ်တွင် ကျေးရွာ ၈၈ ရွာ
- ဖရူဆိုမြို့နယ်တွင် ၄၅ ရွာ
- လွိုင်ကော် အနီးတဝိုက်ရှိ ကျေးရွာ ၂၃ ရွာ
- ရှားဒေါ်မြို့နယ်တွင် ၁၃ ရွာ
- မဲစဲတွင် ၂ ရွာ
- ဖားဆောင်းတွင် ၁ ရွာ
- ဖယ်ခုံ (ရှမ်း–ကယားနယ်စပ် တလျှောက်တွင် ၄၆ ရွာ)



## ခန့်မှန်းခြေပြည်သူ ၃၀,၀၀၀ မှာ ရှမ်းပြည်တောင်ပိုင်းသို့ ထွက်ပြေးကြသည်။ နောက်ထပ် လူဦးရေ ၁၀,၀၀၀ မှာ အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ထွက်ပြေးကြပြီး လူဦးရေ ၅၀၀ ခန့်မှာ ရန်ကုန်နှင့် မန္တလေး မြို့ကြီးများသို့ တိမ်းရှောင်သွားကြသည်။ တိုက်ပွဲများမှာ လွိုင်ကော်နှင့် ဒီမောဆိုမြို့နယ်များတွင် ဖြစ်ပွားကြသည်။ ဒီမောဆို မြို့နယ်တခုတည်းတွင်ပင် ခန့်မှန်းခြေ ပြည်သူ ၇၀,၀၀၀ မဖြစ်နေ ထွက်ပြေး ရွှေ့ပြောင်းသွားကြသည်။

ထီးဖိုးကလိုး၊ ဒေါ်ကလောဒူး၊ ဒေါ်ပူနှင့် ဒေါ်တမကြီး အပါအဝင် ဒီမောဆို မြို့နယ် အရှေ့ဘက်ခြမ်းမှ ကျေး ရွာများသည် ပင်လောင်း၊ အောင်ပန်း၊ ဆီဆိုင်နှင့် တောင်ကြီးမြို့နယ်များသို့ ထွက်ပြေးကြသည်။

ကရင်နီ (ကယား) ပြည်နယ်တွင် တိုက်ပွဲဖြစ်ပွား ကတည်းက အရပ်သား ၁၇၀,၀၀၀ ထွက်ပြေးရမှုတွင် စစ်အာဏာရှင်တပ်၊ အတိအကျအားဖြင့် တပ်မ ၆၆ လက်အောက်ခံ ခမရ ၁၀၈ သည် အဓိက တာဝန်ရှိသည်။ တိုက်ပွဲများ ထပ်မံဖြစ်ပွားလာသဖြင့် အချို့အရပ်သား ၁၂၀,၀၀၀ မှာ ဘာသာရေး အဆောက် အဦးများနှင့် တောထဲတွင် တိမ်းရှောင်ခိုလှုံနေရသည်[၁၃]။

မြေပြင်နှင့်ဝေဟင်မှတိုက်ခိုက်ရန် စစ်အာဏာရှင်တပ်၏ဦးစီးချုပ် မင်းအောင်လှိုင်နှင့် စစ်ဗိုလ်ချုပ် အဆင့်ဆင့်မှ အမိန့်ပေး စေခိုင်းခြင်းဖြစ်သည်။ စစ်တပ်သတင်းပေးနှင့် အရပ်ဝတ် ရဲများသည်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ ထိပ်ပိုင်းခေါင်းဆောင်များနှင့် ဒီမိုကရေစီလိုလားသူ တက်ကြွလှုပ်ရှားသူများအား အတင်းအကြပ်ဖမ်းဆီး၍ ဥပဒေမဲ့ ထိန်းသိမ်းမှုတွင် တာဝန်ရှိကြသည်။

ခန့်မှန်းခြေ ပြည်သူ ၃၀,၀၀၀ မှာ ရှမ်းပြည်တောင်ပိုင်းသို့ ထွက်ပြေးကြသည်။ နောက်ထပ် လူဦးရေ ၁၀,၀၀၀ မှာ အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ထွက်ပြေးကြပြီး လူဦးရေ ၅၀၀ ခန့်မှာ ရန်ကုန်နှင့် မန္တလေး မြို့ကြီးများသို့ တိမ်း ရှောင်သွားကြသည်[၁၄]။ တိုက်ပွဲများမှာ လွိုင်ကော်နှင့် ဒီမောဆိုမြို့နယ်များတွင် ဖြစ်ပွားကြသည်။ ဒီမောဆို မြို့နယ်တခုတည်းတွင်ပင် ခန့်မှန်းခြေ ပြည်သူ ၇၀,၀၀၀ မဖြစ်နေ ထွက်ပြေး ရွှေ့ပြောင်းသွားကြသည်။

စစ်အာဏာရှင်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကို ဆန့်ကျင်ရန်နှင့် အရပ်သားများ ဘေးကင်းလုံခြုံရေးအတွက် လေယာဉ်မပျံသန်းရဇုန် သတ်မှတ်ပေးရန် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများ (EROs) အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများက နိုင်ငံတကာနှင့် ASEAN ကို တောင်းဆိုကြသည်။ ကရင်နီရဲ့အရာရှိများက အာဏာရှင်စနစ်ကို ဖြိုချရမည်ဖြစ်ပြီး နစ်နာခဲ့ရသူများအတွက် တရားမျှ တမှုရရှိရန် စစ်အာဏာရှင်များအား နိုင်ငံတကာရာဇဝတ်ခုံရုံးတွင် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ပြစ်မှုများဖြင့် စွဲဆိုရမည်ဟု တောင်းဆိုကြသည်[၁၅]။

# ကရင်နီ(ကယား)ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများ

စစ်အာဏာရှင်များနှင့် ၎င်းတို့ကို ခုခံတွန်းလှန်နေသည့် အဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားနေစဉ် အပြစ်မဲ့အရပ်သားပြည်သူများအပေါ် ပြင်းထန်သည့် စစ်ပြုခြင်းများ နေရာယူရောက်ရှိလာသည်။ ၎င်းတို့အား ခုခံတော်လှန်နေသည့် ဒေသခံအဖွဲ့များအနေဖြင့် လက်နက်မချပါက မြို့တော် လွိုင်ကော်အား လေယာဉ်ဖြင့် ဗုံးကြဲ ဖျက်ဆီးပစ်မည်ဟု စစ်အာဏာရှင်တို့က ခြိမ်းခြောက်ခဲ့သည်[၁၆]။ ကရင်နီ (ကယား) ပြည်နယ်ရှိ ဒေသခံပြည်သူအများစုမှာ လက်နက်ကိုင် တိုက်ခိုက်ခြင်းမရှိသော်လည်း စစ်အာဏာရှင်တို့၏ ပစ်မှတ်ထား တိုက်ခိုက်ခြင်းခံနေရသည်။

စစ်ဘေးဒုက္ခသည်များမှာ သတ်ဖြတ်ခံရခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးခံရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံကြရသည်။ စစ်တပ်က ရွာသားများ၏ အိမ်များအား ဖျက်ဆီး မီးရှို့ကြပြီး ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် အိမ်မွေးတိရစ္ဆာန်များကို ခိုးယူ စားသောက်ကြသည်။ ရွာသားများမှာ စစ်မြေပြင်တွင် စစ်သားများအား လမ်းပြရန် ဖမ်းဆီးခံကြရသည်။ ထွက်ပြေးတိမ်းရှောင်သွားသည့် ရွာသားများ ၎င်းတို့ နေအိမ်များသို့ပြန်၍ စားနပ်ရိက္ခာနှင့် ပစ္စည်းများ အရဲစွန့် ပြန်ယူကြရာတွင်လည်း အဆိုပါ ရွာများတွင် အာဏာရှင်တပ်များက မြေမြှုပ်မိုင်းများ ထောင်ထားကြသည်။ ပဋိပက္ခများနှင့်အတူ ကိုဗစ်-၁၉ ကပ်ရောဂါမှာလည်း မြင့်တက်လျှက်ရှိသည်။


အောက်ပါ ဖြစ်ရပ်မှန်များမှာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလကုန်အထိ မြန်မာစစ်အာဏာရှင်များ၏ အကြမ်းဖက် ကျူးလွန်မှုကို ခံခဲ့ကြရသည့် နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ ထွက်ဆိုချက်များ ပါဝင်သည်။

## ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်၊ ခရစ်စမတ်အကြိုနေ့ အစုအပြုံလိုက် သတ်ဖြတ်မှု

ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) ၏ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် စစ်အာဏာရှင်တပ်ဖွဲ့ တခုဖြစ်သည့် ခမရ ၁၀၈ သည် မူဆိုကျေးရွာသို့ ဝင်ရောက်ခဲ့ပြီး အမျိုးသမီး၊ ကလေးနှင့် သက်ကြီးရွယ်အိုများအပါအဝင် ရွာသား ၄၀ အား ဖမ်းဆီးခဲ့သည်။ အဖမ်းခံရသူများထဲမှ ၂ ဦးမှာ Save the Children မှ ဝန်ထမ်းများ ဖြစ်ကြသည်။ ၎င်းတို့အား လွှတ်ပေးရန် နယ်ခြားစောင့်တပ်ဖွဲ့ဝင် (BGF)များ၏ ကြိုးပမ်းမှုမှာ မအောင်မြင်ခဲ့ဘဲ ၎င်းတို့အား စစ်အာဏာရှင်တပ်များမှ သတ်ဖြတ်ခဲ့သည်။ BGF များမှာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်အရေးအဖွဲ့ အဖြစ်မှ စစ်တပ်၏ အမိန့်ပေးမှုအောက် တွင် အသွင်ပြောင်းဖွဲ့စည်းထားခြင်းဖြစ်ပြီး ထို BGF များ၏ ညှိနှိုင်းမှုကိုပင် လက်ခံခြင်းမရှိသည်သာမက ထိုသို့ သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်[၁၇]။ ထို့နောက် အာဏာရှင်တပ်များက ဖမ်းဆီးထားသည့် ရွာသားများအား လက်နောက်ပြန်ကြိုးတုတ်၍ ကား ၁၅ စီးထဲတွင် အရှင်လတ်လတ် မီးရှို့ သတ်ဖြတ်ခဲ့သည်[၁၈]။

တရက်တည်းတွင်ပင် စစ်အာဏာရှင်တပ်များမှ လွိုင်ကော်မြို့နယ်တွင် လက်နက်ကြီးများဖြင့် စိတ်ထင်တိုင်း ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် နေအိမ် ၂လုံးနှင့် ရွာသား ၂ ဦးထိမှန်ခဲ့သည်။ လက်နက်ကြီး ကျည်ထိမှန်ခဲ့သည့် ဘာဒိုကျေးရွာမှ ရွာသားမှာ သေဆုံးသွားသည်။ ထိုနေ့ နံနက်တွင်ပင် တပ်မ ၆၆ လက်အောက်ခံ ခမရ ၁၀၈ သည် ဖရူဆိုမြို့နယ်ရှိ ဒေါ်ပြေးခူ ကျေးရွာမှ အိမ်များကို မွှေနှောက် ဖျက်ဆီးခဲ့သည်။

ထိုတိုက်ခိုက်မှုအပြီးတွင် စစ်အာဏာရှင်များအား တွန်းလှန်ရန် ဖွဲ့စည်းထားသည့် ကရင်နီပြည်နယ် ရဲတပ်ဖွဲ့မှ သေဆုံးသူ ၃၁ ဦး (အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး ၅ ဦး) အား ခွဲစိတ်စစ်ဆေး နိုင်ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုသည်[၁၉]။ ပလပ်စတစ်အိတ် ၃ အိတ်စာ အရိုးပြာနှင့် ရုပ်ကြွင်းများ လည်း တွေ့ရှိသည်ဟု ဆိုသည်[၂၀]။ အခင်းဖြစ်သည့်နေ့က ဖုန်းခေါ်နေသော်လည်း စစ်အာဏာရှင်များ၏ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းခံရ၍ ပြန်မဖြေနိုင်တော့သည့် မိသားစုဝင်၏ ဖုန်းနံပတ်ကို ထပ်ကာထပ်ကာ ခေါ်ခဲ့ကြသူများမှာ စိတ်ဒဏ်ရာ အကြီးအကျယ် ရရှိသွားကြသည်။




*ဓာတ်ပုံ။ ဖရူဆိုမြို့နယ်တွင် ခရစ်စမတ်အကြိုနေ့က စစ်အာဏာရှင်တို့ အစုအပြုံလိုက် သတ်ဖြတ်မှု ကျူးလွန်သည့်နေရာ မြေပုံ (KnHRG)*

ဖရူဆို အစုအပြုံလိုက် သတ်ဖြတ်မှုတွင် သေဆုံးသွားသူ၏ အမနှင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ND-Burma မှ တွေ့ဆုံမေးမြန်းခဲ့ရာ သူမ၏ မောင်သည် အခင်းဖြစ်ပွားရာတွင် ပါဝင်သွားကြောင်း ကြားသိရချိန်၌ အလွန်အမင်း စိုးရိမ်ထိတ်လန့်ခဲ့ကြောင်း ပြန်ပြောပြသည်။

> “ကျမက ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်နေ့က ဖရူဆိုမြို့နယ်မှာ အရှင်လတ်လတ် မီးရှို့အသတ်ခံရတဲ့ မောင်လှချေးရဲ့ အမပါ။ ကျမမောင်လေးက ဖရူဆိုက စည်ပင်လုပ်သားပါ။ မောင်လေးက CDM ဝင်ထားပါတယ်။ မီးရှို့အသတ်ခံရတဲ့အထဲမှာ ကျမမောင်လေးရယ်၊ ဝမ်းကွဲမောင် ၂ ယောက်နဲ့ ညီမ တစ်ယောက်ပါသွားပါတယ်။ မောင်လေးက မွေးချင်းထဲမှာအငယ်ဆုံး အသက် ၁၉ နှစ်၊ တစ်ဝမ်းကွဲ တွေက ဖဲဘူး (၂၅)နှစ်၊ ရှားရယ် (၁၈)နှစ် နဲ့ ပကူးမိုး (၂၀)နှစ်တို့ ဖြစ်ပါတယ်။ ပကူမိုးနဲ့ရှားရယ်က မောင်နှမအရင်းတွေပါ။
> တိုက်ပွဲတွေဖြစ်တော့ ရွာမှာနေတာ လုံခြုံမှုမရှိလို့ စစ်ဘေးရှောင်ဖို့ဆိုပြီး ဖရူဆိုမြို့နယ် လောဂျား ရွာကနေ ဒီဇင်ဘာ ၂၀ ရက်နေ့ကတည်းက ပစ္စည်းတစ်ချို့နဲ့ လူတစ်ချို့ နာနတ်တောရပ်ကွက်၊ လွိုင်ကော်မြို့မှာ တဲထိုးနေကြမယ်ဆိုပြီး ပြောင်းလာကြတယ်။ ပစ္စည်းတွေများတော့ ပစ္စည်းတစ်ချို့နဲ့ လူတစ်ချို့ကို အရင်ပို့တယ်။၂၃ ရက်နေ့ လူနဲ့ ပစ္စည်း လွိုင်ကော်ကို ထပ်ပို့တယ်။ နောက် တစ်ခေါက် ကျန်တဲ့ပစ္စည်းတွေပြန်ယူဖို့ ပြန်တက်တဲ့အချိန်မှာ အခုလိုအဖြစ်အပျက်ဖြစ်ခဲ့တာဘဲ။

> ညဖက်ရောက်လို့ ၁၀ နာရီထိုးတဲ့ထိ ပြန်မရောက်လာလို့ ဖုန်းဆက်တာ ဖုန်းဝင်တယ် ဖုန်းမကိုင်ဘူး။ အဲ့ဒါနဲ့ စိုးရိမ်လာတယ်။ ၁၁ နာရီနောက်ပိုင်း ဘယ်ဖုန်းမှ ခေါ်လို့မရတော့ဘူး။ တစ်ခြားသူတွေရဲ့ဖုန်း ကိုခေါ်လည်း မရတော့ဘူး။ ဘာမှမဖြစ်ပါစေနဲ့လို့ဆုတောင်းတယ်။ ဆုတောင်းမပြည့်တော့ဘူး။ နောက်တစ်ရက်တော့ မီးရှို့ခံရတဲ့သတင်းတက်လာတယ်။ စစ်သားက တွေ့သမျှလူတွေကိုဖမ်း ထားပြီး အရှင်လတ်လတ် မီးရှို့သတ်ခဲ့တယ်။ ကား၊ ထော်လာဂျီ၊ နဲ့ ဆိုင်ကယ်တွေအားလုံးကို ဖမ်းထားတယ်။ ကျမသိသလောက်ဆိုရင် ဒေါကထောက (၁) ယောက်၊ ပရာယ်တော် (၂) ယောက်၊ လောဂျာ (၄) ယောက်၊ ဒိုးပရာယ် (၁) ယောက်၊ ဖရူဆို (၁) ယောက်၊ Save the Children (၂)ယောက်၊ မာခရော်ရှေးက (၁)ယောက် စစ်သားတွေရဲ့လုပ်က ဘာနဲ့မှ နိုင်းလို့မရဘူး။ လူစိတ်မရှိတော့ဘူး။ နှိုင်းစရာ စကားလုံးတောင် မရှိတော့ဘူး။ သူတို့လုပ်ရပ်က ဥပဒေနဲ့မညီဘူး။ နိုင်ငံကတာက ကူညီပေးကြပါ။ မြန်မာပြည်ကြီးကို ကယ်တင်ပေးပါ။ ကျွန်မတို့ ကယားပြည်နယ်ကို ကယ်တင်ကြပါ။ သူတို့ရဲ့ ရက်စက်တဲ့ လုပ်ရပ်ကို တစ်ခြားသူတွေ သိအောင်ပြောပေးကြပါ။

ဖရူဆိုမြို့နယ်၊ လောဂျာကျေးရွာမှ မီးရှို့သတ်ခံရသည့်သူများ

လှချေး -ကျား- ၁၉ နှစ်
ဖဲဘူး-ကျား- ၂၅ နှစ်
ရှားရယ်- ကျား- ၁၈ နှစ်
ပကူးမိုး-မ- ၂၀ နှစ်

သေဆုံးသွားသူများ၏ ရုပ်ကြွင်းများအား စစ်ဆေးသည့် ဆရာဝန်များက “အခုလို သတ်ဖြတ်မှုဟာ အရက်စက်ဆုံးနဲ့ လူမဆန်ဆုံးဖြစ်တယ်”[၂၁]ဟု ပြောဆိုသည်။ ဖြစ်စဉ်အသေးစိတ်မှာ မချိတင်ကဲ ကြောက်မက်ဖွယ်ပင်ဖြစ်သည်။ မီးလောင်သေဆုံးသွားသူအချို့မှာ လက်နောက်ပြန်ကြိုး တုတ်ခံထားရပြီး ပါးစပ်ကိုစည်းနှောင်ခြင်း သို့မဟုတ် ရင်ဘတ်နှင့် အဆုတ်နေရာများတွင် ထိုးကြိတ်ခြင်းခံထားရသည်[၂၂]။ အခင်းဖြစ်ပွားသည့်နေရာသို့ ချဉ်းကပ်လာသူများအား စစ်အာဏာရှင်တပ်များမှ လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်နေ၍ မှုခင်းဆရာဝန်များမှာ သေဆုံးသွားသူများ၏ ရုပ်အလောင်းများကို ဖြစ်ဖြစ်ချင်း မသယ်ယူနိုင်ခဲ့ပေ[၂၃]။ ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) အပါအဝင် လူ့အခွင့်အရေးအဖွဲ့များက “ထို အစုအပြုံလိုက် သတ်ဖြတ်မှုအတွက် စစ်အာဏာရှင်များအနေဖြင့် တာဝန်ယူ တာဝန်ခံရမည်ဖြစ်ပြီး အသိတရားမဲ့ သတ်ဖြတ်မှုအတွက် အထူးဝမ်းနည်း ကြေကွဲကြောင်း” ဖြင့် ပူးတွဲထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည်[၂၄]။
အရပ်ဖက်အဖွဲ့အစည်း ၅၉ ဖွဲ့ကလည်း ကရင်နီပြည်သူများ အသတ်ခံမှုကို ပြစ်တင်ရှုံ့ချခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအား ထိရောက်သည့် အရေးယူဆောင်ရွက်မှုများနှင့် တုန့်ပြန်ရန် တိုးမြှင့် တောင်းဆိုခဲ့သည်[၂၅]။ စစ်အာဏာရှင်တို့ကမူ ကြောက်မက်ဖွယ် တိုက်ခိုက်ကျူးလွန် မှုအပြင် ရာဇဝတ်မှုနှင့်ဆိုင်သည့် သက်သေအထောက်အထားများအားလည်း ဖျက်ဆီးခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့အထိ ကရင်နီ (ကယား) ပြည်နယ်တွင် အရပ်သား ၂၀၀ နီးပါးမှာ စစ်အာဏာရှင်တို့ လက်ချက်ဖြင့် သေဆုံးကြရသည်[၂၆]။

ခရစ်စတ်အကြိုနေ့ အစုအပြုံလိုက် သတ်ဖြတ်မှုတွင် သေဆုံးသွားသူ ၂ဦး၏ မိခင်ဖြစ်သူ ဖရူဆိုမြို့ နယ် လောဂျာကျေးရွာမှ အသက် ၄၇ နှစ်အရွယ် ဒေါ်ငွေမာက အခင်းဖြစ်သည့်အချိန်တွင် သားသမီးများ ပျောက်ဆုံးသွားပုံကို ယခုလို ပြန်ပြောင်း ပြောပြသည်။

"၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၄ ရက်နေ့ မှာ စစ်ရှောင်ဖို့ လောဂျာ ဘေးနားက ဒိုးပရာယ်ရွာကို စစ်ဘေးရှောင်ထွက်ခဲ့တယ်။ အဲ့ဒီရွာမှာလည်း လုံခြုံမှုမရှိလို့ တိုက်ပွဲမဖြစ်သေးတဲ့ မြို့ပေါ်ကို ရွှေ့ဖို့ဆုံးဖြတ်ခဲ့ကြတယ်။ ဒီဇင်ဘာ ၁၉ ရက်နေ့မှာ လွိုင်ကော်မြို့ပေါ် ပြောင်းရွှေ့ဖို့ ခြသွားကြည့်ခဲ့ပြီး.. တဲဆောက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဇင်ဘာ ၂၀ရက် မှာတဲဆောက်ဖို့ လိုအပ်တဲ့ ပစ္စည်းနဲ့ ဝါးလုံးတွေရယ်၊ တဲဆောက်ဖို့ လူတစ်ချို့ကို ထော်လာဂျီ လေးလုံးထိုးနဲ့ Light Truck ကားတစ်စီး စုစုပေါင်း ၂ စီး နဲ့ လွိုင်ကော်မြို့ကို သွားခဲ့တယ်။ ညနေခင်းမှာ တဲတွေကို စဆောက်ခဲ့ကြတယ်။ တဲဆောက်ပြီး စစ်ရှောင်လာမဲ့ မိသားစုဝင်တွေကို ကြိုဖို့ ဒီဇင်ဘာ ၂၂ ညနေပိုင်းမှာ ဖရူဆိုမြို့နယ်သို့ ပြန်ခဲ့ပါတယ်။ ဒီဇင်ဘာ ၂၃ မှာ စစ်ရှောင်တစ်ချို့နဲ့ ရိက္ခာတစ်ချို့ကို လွိုင်ကော်ကိုပို့ခဲ့ပြီး ဖရူဆိုမှာ ကျန်ခဲ့တဲ့ ကျမတို့ မိသားစုကို ကြိုဖို့ လွိုင်ကော်ကနေ ဖရူဆိုဘက်ကို ပြန်ခဲ့တယ်။ ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီအချိန်မှာ ဖုန်းအဆက်အသွယ်ရခဲ့တယ်။ "ကွိုင်ငံကိုရောက်နေပြီ ပြန်ရောက်တော့မယ်" ဆိုပြီး စကားပြောဖြစ်ခဲ့တယ်။ နံနက် ၁၀ နာရီ ရောက်တော့ အိမ်ကိုမရောက်သေးတာနဲ့ ဖုန်းခေါ်ကြည့်တော့ "ဖုန်းစက်ပိတ်ထားပါသည်" ပဲ ကြားရတယ်။ နောက်ထပ် မကြာမကြာ ထပ်ခေါ်ကြည့်တော့ စက်ပိတ်သွားတယ်။

ဒီဇင်ဘာ ၂၄ ရက်နေ့ ညနေ ၁ နာရီအချိန်လောက် မိုဆိုကျေးရွာနဲ့ မနီးမဝေးတစ်နေရာမှာ မီးလောင်နေတာကို တွေ့ရလို့ သံသယဖြစ်ပြီး အနီးအနားရွာက လူတွေကို လိုက်မေးကြည့်တော့ မိုဆိုရွာအနီးအနားမှာ စစ်သားက လူတွေကို ဖမ်းခေါ်သွားတယ်ဆိုတာသိရတယ်။ အဲ့ဒီရက်မှာ စစ်သားကလူတွေကို ဖမ်းဆီးချုပ်နှောင်ထားပြီး တစ်နေရာရာမှာ ချုပ်ထားတယ်လို့ဘဲ အတွေးများစွာနဲ့ မိုးလင်းတဲ့ထိ တွေးနေခဲ့တယ်။

ဒီဇင်ဘာ ၂၅ ရက် နံနက် ၆ နာရီမှာ ကားမီးရှို့ခံရတယ်။ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာမသိသေး ဘူးဆိုတဲ့ သတင်းကို သိခဲ့ရပြီး နံနက် ၁၀အချိန်မှာ ကားပေါ်မှာလည်း အလောင်းတွေအများကြီး တွေ့တယ် ဆိုတဲ့ သတင်းကို ထပ်ရခဲ့တယ်။ ခဏအကြာမှာတော့ ကားမီးရှို့ခံရတဲ့ပုံ၊ ကားပေါ်မှာ လည်း အလောင်းတွေအများကြီး ရှိနေတဲ့ပုံတွေကို တွေ့ရတော့သူတို့တွေမီးရှို့ခံလိုက်ရပြီဆိုတာဘဲ ခန့်မှန်းလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ မီးလောင်ထားတဲ့ ကားတွေထဲမှာ ထော်လာဂျီ လေးလုံးထိုးနဲ့ Light Truck ကားပါနေလို့ ခန့်မှန်းလိုက်တာပါ။

ကျမသမီး ပကူမိုးက အသက် (၂၈) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)က ရူပဗေဒပထမနှစ်ကျောင်းသူပါ။ ကျမသားရှားရယ်က အသက် ၁၈ နှစ်ဘဲရှိပါသေးတယ်။ တိုက်ပွဲမရှိဘဲ၊ စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ဘာဖြစ်လို့ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ရတာလဲ?။ ဘာကြောင့်ဒီလောက်ရက်စက်ယုတ်မာကြတာလဲ? ဆိုတာမေးပေးပါ။ သူတို့စစ်သားတွေမှာ ဥပဒေဆိုတာမရှိဘူးလား? နိုင်ငံတကာအသိုင်းအဝိုင်းကနေပြီးတော့ တရားမျှတမှုရတဲ့အထိအရေးယူပေးကြပါ။ ဇော်မဲလုံး (စစ်အာဏာရှင်တပ်မှ ပြောရေးဆိုခွင့်ရှိသူ ဇော်မင်းထွန်း) ရဲ့ သတင်းစာရှင်းလင်းပွဲမှာ ထွက်ဆိုခဲ့တဲ့ သတင်းတွေက သတင်းအမှားဆိုတာ တင်ပြပေးပါ။

တစ်သက်နဲ့တစ်ကိုယ် အခုလို အရှင်လတ်လတ်မီးရှို့ သတ်ဖြတ်တာကို မကြုံဖူး မကြားဖူးလို့ အခုလို ကိုယ့်ရဲ့ မိသားစုဝင်တွေကိုယ်တိုင် ကြုံတွေ့လိုက်ရတော့ ကျမမှာ စိတ်ဒဏ်ရာကြီးကြီးမားမားကို ခံစားနေရပါတယ်။ ကလေးတွေအဖေက ကလေးတွေ အရွယ်မရောက်ခင်ကတည်းက ဆုံးသွားလို့ ကျမတစ်ယောက်ထဲ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ပြီး ကလေးတွေအရွယ်ရောက် အားကိုးရမဲ့အချိန်ရောက်လို့ အခုလို ဘာအပြစ်မှမရှိဘဲ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခံရလို့ ပိုပြီး ခံစားနေရတယ်။ တစ်ခါတလေ ရူးကြောင်ကြောင်တောင် ဖြစ်နေပါတယ်။ စိတ်လုံခြုံမှုဆိုတာ မရှိတော့ဘူး။ အခု လုံခြုံတဲ့နေရာမှာ နေတာတောင်မှ စိတ်ထဲမှာ မလုံခြုံတဲ့ ခံစားမှုမျိုးကို အလိုလိုခံစားနေရတယ်။ တရားနဲ့ ဖြေပြီး ကုသနေပေမဲ့ စိတ်ဒဏ်ရာကရှိနေဆဲဘဲ”။



*ဓာတ်ပုံ။ ကယားပြည်နယ် ဖရူဆိုမြို့နယ်တွင် တွေ့ရသည့် မီးရှို့ခံထားရသည့် မော်တော်ယာဥ်များ။ ပုံများသည် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) မှ ဖြစ်သည် (Handout via AFP)*

ထိုသို့ ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်ခြင်းကြောင့် စစ်အာဏာရှင်တပ်များအား ခိုင်ခိုင်မာမာ ဆန့်ကျင်တော်လှန်မည့် စိတ်ဓာတ်များ ဖြစ်ပေါ်စေသည်။ စစ်တပ်သည် အချိန်နှင့်အမျှ လူထုအား ကြောက်ရွံ့စေရန်နှင့် ခြိမ်းခြောက်မှု နည်းလမ်းကို ကျင့်သုံးနေသဖြင့် အထူးသဖြင့် တိုင်းရင်းသား ပြည်သူများ သေဆုံးမှုနှင့် စိတ်ဒဏ်ရာများ ရရှိစေသည်။

ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) ၏ မှတ်တမ်းများအရ မီးရှို့သတ်ဖြတ်ခံရသူများထဲတွင် Save the Children မှ ဝန်ထမ်း ၂ ဦး၊ မူဆိုရှာသား ၄ ဦး၊ သစ်တောအရာရှိ ၁ ဦး၊ ပြည်သူ့ ကျန်းမာရေးနှင့် ဖွံ့ဖြိုး ရေးကွန်ရက် ဝန်ထမ်း ၁ ဦး၊ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့စစ် ၁ ဦးနှင့် အခြားအရပ်သား ၃၀ ဦးတို့ ပါဝင်ကြသည်။

## နှစ်သစ်ကူး တိုက်ပွဲများ။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်

ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF), ကရင်နီတပ်မတော်၊ ကရင်နီ ဒီမိုကရက်တစ်တပ်ဦး (KDF) နှင့် ဒေသခံကာကွယ်ရေးတပ်များ စုပေါင်းထားသည့် တပ်များနှင့် မြန်မာ စစ်အာဏာရှင် တို့အကြား ဖြစ်ပွားသည့် တိုက်ပွဲများကြားတွင် ဒေသခံပြည်သူများမှာ ပိတ်မိတတ်ကြသည်။ စစ်အာဏာရှင်တပ်များအား အာဏာသိမ်းမှုဆန့်ကျင်ရေး တပ်များက ခြုံခိုတိုက်ခိုက်အပြီး လွိုင်ကော်တွင် နံနက်စောစော တိုက်ပွဲများ ဖြစ်ပွားခဲ့သည်[၂၇]။ မိနစ် ၃၀ ကြာတိုက်ပွဲတွင် စစ်အာဏာရှင် တပ်သား ၁၅ ဦး သေဆုံးသည်။ စစ်အာဏာရှင်တပ်များအား နောက်ထပ် တိုက်ခိုက်မှုမှာ လွိုင်ကော် နည်းပညာတက္ကသိုလ်ရှေ့တွင် ဖြစ်ပွားခဲ့သည်[၂၈]။ စစ်အာဏာရှင်တပ်များက လက်တုန့်ပြန်သည့် အနေဖြင့် လက်နက်ကြီးများပစ်ခတ်၍ အရပ်သား ၂ ဦး ထိခိုက် ဒဏ်ရာရသွားသည်[၂၉]။




*ဓာတ်ပုံ။ ရီးခီးဘူး အနီးရှိ စစ်ပြေးဒုက္ခသည်စခန်းအနီးအား လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပျက်စီးသွားမှု KFBR (Myanmar Now, 17 January 2022)*

## ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၇, ၈ နှင့် ၉ ရက်

စစ်အာဏာရှင်တပ်များက အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်သဖြင့် ဇန်နဝါရီ ၇ ရက်နေ့တွင် အရပ်သား ၆ ဦး သေဆုံးခဲ့ရသည်ဟု KNDF အဆိုအရသိရသည်။ နှစ်သစ်၏ စနေ၊ တနင်္ဂနွေနေ့များ ဖြစ်သည့် ၈ ရက်နှင့် ၉ ရက်နေ့များတွင် စစ်အာဏာရှင်တပ်များက လွိုင်ကော်မြို့အား မြေပြင်၊ ဝေဟင်တို့မှ တိုက်ခိုက်ခဲ့သည့်အတွက် မြို့ခံတဝက်ခန့် မဖြစ်မနေ ထွက်ပြေး တိမ်းရှောင်ရသည်[၂၀]။ ရဟတ်ယာဉ်များဖြင့် KNDF စခန်းများအား တိုက်ခိုက်သည့်အတွက် အရပ်သား ၅ ဦး သေဆုံးပြီး ဒဏ်ရာအပြင်းအထန် ရသွားသူများလည်းရှိသည်။ ဒေသခံ သတင်းမီဒီယာများ၏ သတင်းများအရ ဇန်နဝါရီလ ၈ ရက် တနင်္ဂနွေတရက်တည်းတွင်ပင် လေကြောင်းမှ ခန့်မှန်းခြေ ၁၂ ကြိမ် တိုက်ခိုက်ခဲ့သည်[၂၁]။

ဒေသခံအမျိုးသမီးအဖွဲ့အစည်း၏ မှတ်တမ်းများအရ လွိုင်ကော်မြို့နယ်မှ ရွာသား ၁၀၀, ၀၀၀ ခန့်သည် တောတောင်များ၊ ရှမ်းပြည်တောင်ပိုင်း၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်သို့ ထွက်ပြေး တိမ်းရှောင်ကြသည်။ ထိုသို့ တိုက်ခိုက်မှုများအပြီးတွင် စစ်အာဏာရှင်တို့က အကယ်၍ ဒေသခံတော်လှန်ရေးအဖွဲ့များအနေဖြင့် လက်နက်မချပါက လွိုင်ကော်ကို နမူနာယူရန် သတိပေးပြောဆိုခဲ့သည်[၂၂]။ တိုက်ပွဲများကြောင့် လူသားချင်းစာနာသည့် အကူအညီများ လိုအပ်လျှက်ရှိနေပြီး ပြည်နယ်လူဦးရေ ၃၀၀,၀၀၀ တွင် ၂၀၀,၀၀၀ အတွက် အရေးပေါ် အကူအညီများ ကူညီရန် လိုအပ်နေသည်[၂၃]။

လတ်တလောတွင် ဒီမောဆိုနှင့် ရှားတော မြို့နယ်များမှ ထိုင်း–ကရင်နီ နယ်စပ်သို့ ထွက်ပြေးကြသည့်စစ်ပြေးဒုက္ခသည်များသည် တိုက်ပွဲများကြား ပိတ်မိနေပြီး စားနပ်ရိက္ခာနှင့် သောက်သုံးရေ ပြတ်လတ်နေသည်။

## ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက် နံနက်စောစောတွင် စစ်အာဏာရှင်တပ်များက ဖရူဆိုမြို့နယ်ရှိ ရီခီးဘူကျေးရွာအနီး ဒုက္ခသည်စခန်းအား လေကြောင်းမှ တိုက်ခိုက်သဖြင့် ကလေးနှစ်ဦးအပါအဝင် ၃ ဦး သေဆုံးသွားသည်[၂၄]။

သေဆုံးသွားသူများမှာ ခရစ်စမတ်အကြိုနေ့ အစုအပြုံလိုက်သတ်ဖြတ်မှုအပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ လကုန်တွင် ၎င်းတို့ ရပ်ရွာများမှ မဖြစ်မနေ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည့် အရပ်သား ၇၀၀ ထဲမှ ဖြစ်သည်။

ထိုတိုက်ခိုက်မှုက အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ တိုက်ခိုက်ခြင်းဖြစ်သည်။ တိုက်ပွဲများဖြစ်ပွားသည့်နေရာမဟုတ်သော်လည်း စစ်အာဏာရှင်တို့က မဆိုင်းမတွ တိုက်ခိုက်ခြင်းဖြစ်သည်။ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) အပါအဝင် ဒေသခံ ကရင်နီ (ကယား) များက လေယာဉ် မပျံသန်းရဇုန် သတ်မှတ်ပေးရန် အခြားနိုင်ငံများသို့ တိုက်တွန်း တောင်းဆိုကြသည်[၂၅]။ ထိုသို့ ပစ်မှတ် ထား စစ်ဆင်တိုက်ခိုက်မှုက စစ်အာဏာရှင်တို့အနေဖြင့် ပြည်သူများအား အကြောက်တရားဖြင့် နေထိုင်ရန် သွတ်သွင်းပေးသည့် နောက်ထပ်ရက်စက်မှုအဖြစ် ဖော်ညွှန်းနေသည်။

နိုင်ငံတော်အာဏာကို အကြမ်းဖက် အာဏာသိမ်းရယူထားသူများ ကျူးလွန်မှုကြောင့် ထွက်ပြေးနေရသည့် ပြည်သူများအား အမိုးအကာနှင့် လိုအပ်သည့်အရာများ ပေးဝေထောက်ပံ့ရန်အတွက် စေ့တနာ့ဝန် ထမ်းနှင့်

လူသားချင်းစာနာမှု အကူအညီပေးသူများမှာ ခက်ခက်ခဲခဲ ကြိုးပမ်းနေရသည်။ ပြည်သူများမှာ လုံခြုံရေးအတွက် အကာအကွယ်ရရန် အသည်းအသန်ကြိုးပမ်း ရှာဖွေနေရချိန်တွင် အာဏာရှင် စစ်သားများက လွိုင်ကော်အပါအဝင် ကရင်နီ (ကယား) ပြည်နယ်ရှိ စစ်ပြေးဒုက္ခသည်များ၏ နေအိမ်များကို ဖောက်ထွင်းဝင်ရောက် မွှေနှောက်နေကြသည်[၂၆]။

မည်သူမှ စစ်အာဏာရှင်တို့၏ အကြမ်းဖက် တိုက်ခိုက်မှုမှ မလွတ်မြောက်ပေ။ ပြည်သူများအား ဗုံးခိုကျင်းများတူး၍ အကာအကွယ်ယူရန် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) မှတိုက်တွန်းထားသည်[၂၇]။ ဇန်နဝါရီ ၁၇ ရက်နေ့တွင် စစ်ပြေးဒုက္ခသည်စခန်း ၂ ခုအား စစ်အာဏာရှင်တပ်များက လေကြောင်းမှတိုက်ခိုက်၍ လူ ၆ ဦးသေဆုံးရပြီးနောက် ထိုသို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထိုနေ့မတိုင်မီ ဇန်နဝါရီလ ၁၆ ရက်နေ့တွင်လည်း နန့်မယ်ခုန် ရွာသို့ အာဏာရှင်တပ်မှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ကျန်းမာရေးလုပ်သား ၃ ဦး သေဆုံးသွားရသည်။ အရပ်သားများ တိုက်ရိုက် ပစ်မှတ်ထားတိုက်ခိုက်ခံရသည့် နောက်ထပ် ဖြစ်ရပ်ဖြစ်သည်[၂၈]။ "စစ်အာဏာရှင်များသည် ခုခံတော် လှုန်ရေးသမားများနှင့် အပြစ်မဲ့ပြည်သူများအား မည်သူ့ကိုမဆို ခွဲခြားမှုမရှိ ရှင်းရှင်းလင်းလင်း သတ်ဖြတ်နေပြီး လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်နေခြင်းဖြစ်ကာ ကြမ်းကြုတ် ရက်စက်မှုများ တိုးလာနေသည်" ဟု KSCC မှ ထုတ်ဖော်ပြောဆိုသည်။

***"စစ်အာဏာရှင်များသည် ခုခံတော် လှုန်ရေးသမားများနှင့်***

***အပြစ်မဲ့ပြည်သူများအား မည်သူ့ကိုမဆို ခွဲခြားမှုမရှိ***

***ရှင်းရှင်းလင်းလင်း သတ်ဖြတ်နေပြီး***

***လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်နေခြင်းဖြစ်ကာ***

***ကြမ်းကြုတ် ရက်စက်မှုများ တိုးလာနေသည်"***

ကရင်နီ (ကယား) ပြည်နယ် အခြေအနေမှာ စစ်အာဏာရှင်တို့က နိုင်ငံတဝှန်း အကြမ်းဖက် ကျူးလွန်မှုများ နှင့် ကွဲပြားခြားနားမှု မရှိပေ။ အကြောက်တရားနှင့် ရွေးချယ်မှု မရှိသည့် အခြေအနေတွင် ပြည်သူများမှာ ၎င်း တို့အပေါ် မတရား အကြမ်းဖက် တိုက်ခိုက်နေသည့် ဥပဒေမဲ့ နည်းလမ်းများအောက် တွင် မသေခြာ မရေရာ စွာ နေထိုင်ကြရသည်။

မြန်မာနိုင်ငံတွင်း ကျူးလွန်နေသည့် ရာဇဝတ်မှုများအတွက် နိုင်ငံတကာမှ အရေးယူဆောင်ရွက်ရန်နှင့် လက်ရှိအခြေအနေအရ အရေးတကြီးဖြစ်နေသည့် လူသားချင်းစာနာသည့် အကူအညီများပေးဝေ တုန့်ပြန် ဆောင်ရွက်ရန်လည်း တောင်းဆိုလျှက်ရှိသည်။ ကြာလကြာရှည် အမြစ်တွယ်နေပြီး မြန်မာစစ်ဗိုလ်ချုပ်များ ခံစားနေကြသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဓလေ့က နောက်ထပ် ရက်စက် ကြမ်းကြုတ်မှုများ ကျူးလွန်ရန် တွန်းအားပေးနေသည်။ တရားဥပဒေစိုးမိုးမှုကို စစ်အာဏာရှင်များက မထီမဲ့မြင်လုပ်နေသည်။

စစ်အာဏာရှင်တို့၏ လူမဆန်မှုကို ခံစားကြရသည့် သိန်းနှင့်ချီသော နစ်နာခဲ့ရသူများအတွက် တရားမျှတမှု ရရှိရန် နိုင်ငံတွင်း တာဝန်ယူ တာဝန်ခံမှု ယန္တရားများမှာလည်း အားကိုးလောက်ဖွယ် မဟုတ်ပေ။ ထို့ကြောင့် မြန်မာနိုင်ငံရှိ အခက်အခဲ အကြပ်အတည်းများကို ဖြေရှင်းရာတွင် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် ဥပဒေရေးရာ တာဝန်ဝတ္တရားများနှင့် ကိုက်ညီရမည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ကမ္ဘာ့နိုင်ငံများမှ လက်နက်တင်ပို့ရောင်းချခြင်း ပိတ်ဆို့အရေးယူမှု ချမှတ်ရန်နှင့် လက်ရှိမြေပြင်တွင် ဖြစ်ပျက်နေသည့် အခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သို့ အလျင်အမြန် လွှဲပြောင်းပေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆောင်ရွက်ရမည်ဖြစ်သည်။ စစ်အာဏာရှင်တို့အား အသိအမှတ်ပြုသူများသည် စစ်အာဏာရှင်တို့ကျူးလွန်သည့် စစ်ရာဇဝတ်မှုများတွင် ပါဝင်ကျူးလွန်သူများ ဖြစ်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား မြန်မာအစိုးရ အဖြစ်အသိအမှတ်ပြုရမည်ဖြစ်ပြီး NUG သည် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံရသူများနှင့် ပြည့်သူ့အသံကို ဆောင်ကြဉ်းပေးနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ထင်ဟပ်စေသည့်အတွက်ဖြစ်သည်။

အာဏာသိမ်းခေါင်းဆောင် စစ်အာဏာရှင် မင်းအောင်လှိုင်သည် လူမျိုးတုန်းသတ်ဖြတ်မှုအပါအဝင် ရာဇဝတ်မှု အမြောက်အများကို ကျူးလွန်သည့် ရာဇဝတ်သမားဖြစ်သည်။ ၎င်းနှင့် တခြားအဆင့် စစ်အ ရာရှိများအား အမြင့်ဆုံးခုံရုံးများတွင် တရားစွဲဆို၍ လူ့အခွင့်အရေး ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက် ကျူးလွန်ခြင်းသည် ရာဇဝတ်မှုဖြစ်ပြီး ၎င်းတို့အနေဖြင့် တာဝန်ယူတာဝန်ခံရမည်ဆိုသည့် ပြင်းထန်သည့် သတင်းစကား ပေးရမည် ဖြစ်သည်။

# အကြံပြုချက်များ

## နိုင်ငံတကာအသိုင်းအဝိုင်းသို့

၁။ မြန်မာစစ်တပ်နှင့် လက်တွဲလုပ်ဆောင်မှုကို ငြင်းဆို၍ အာဏာရှင်တို့ ကျူးလွန်သည့် ရာဇဝတ်မှုများ တရားဝင်စေမည့် အပြုအမူများ မပြုလုပ်ရန်။ မြန်မာစစ်တပ်မှ မည်သည့် အရာရှိကိုမဆို နိုင်ငံတကာ ပွဲလမ်း၊ အစည်းအဝေး၊ အခမ်းနားနှင့် တွေ့ဆုံပွဲများသို့ တက်ရောက်မှုကို တင်းတင်းကြပ်ကြပ် တားမြစ်ရန်။ နိုင်ငံအဆင့် ခေါင်းဆောင်များနှင့် ပူးပေါင်း ဆောင်ရွက်မှုကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဖြင့်သာ လက်တွဲ လုပ်ဆောင်ရန်။

၂။ မြန်မာပြည်သူများအပေါ် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖိနှိပ်မှုများအပေါ် လူသိထင်ရှား ထုတ်ဖော် ပြစ်တင်ရှုံ့ချရန်။ ပစ်မှတ်ထား အရေးယူခြင်းအပါအဝင် စစ်အာဏာရှင်တို့ နှင့် ဆက်စပ်လုပ်ကိုင်နေသည့် စီးပွားလုပ်ငန်းများ ဖျက်သိမ်းနိုင်ရေးအတွက် အရေးယူဆောင် ရွက်ရန်။

၃။ စစ်အာဏာရှင်များ ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် နိုင်ငံတကာရာဇဝတ်မှုများ တွင် အကျုံးဝင်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံတကာရာဇဝတ်ခုံရုံးတွင် တာဝန်ယူ တာဝန်ခံ ဖြေရှင်းရမည် ဖြစ်သည်။

၄။ စစ်ပြေးဒုက္ခသည်များ လူသားချင်းစာနာသည့် အရေးပေါ်အကူအညီများ ဘေးကင်းစွာ လက်ခံရယူနိုင် မည့် လုံခြုံရေးဇုန်များသတ်မှတ်ပေးရန် တိုက်တွန်းစည်းရုံးရမည်။

## ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့

၁။ လေယာဉ်ဆီတင်ပို့ ရောင်းချခြင်းကို ပိတ်ဆို့အရေးယူမှုများချမှတ်ရန်

၂။ မြန်မာစစ်အာဏာရှင်များအား နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးအပ်ရန်။

၃။ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေဆိုးရွား အကြပ်ဆိုက်မှုကို အသိအမှတ်ပြု၍ အရေးပေါ်ဆုံး ဖြတ်ချက်များ ချမှတ်ပြီး ပြည်တွင်းစစ် ပြင်းထန် ကြာရှည်နေသည့် တိုင်းပြည်သို့ လက်နက်များ လွတ် လပ်စွာ တင်သွင်းမှု ရပ်တန့်စေရန်အတွက် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့မှု ပိတ်ဆို့အရေးယူရေးချ မှတ်ရန်။

## ထိုင်းအစိုးရသို့

၁။ အကြမ်းဖက်မှုများကြောင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးလာသည့် မြန်မာနိုင်ငံမှ စစ်ပြေးဒုက္ခသည်များ လုံခြုံရေးအတွက် ယာယီခိုလှုံခွင့်ပေးရန်။

၂။ စစ်ပြေးဒုက္ခသည်များ လိုအပ်နေသည့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအား လွတ်လွတ်လပ် လပ် ပေးဝေဆောင်ရွက်ခွင့်ပြုရန်။

၃။ နိုင်ငံတွင်း ပြန်ပို့လျှင် ဖမ်းဆီးနှိပ်စက်ခံရနိုင်သူများအား ပြန်မပို့ရေး အခြေခံမှုကို စောင့်ထိန်းလိုက်နာ ပြီး အကူအညီနှင့် ဝန်ဆောင်မှုများကို ဒေသခံအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် လက်တွဲလုပ်ဆောင် ရန်။

# Endnotes


1 “NUG: Evidence of Massacre of Karenni Villagers’ to be Sent to UN Independent Investigators and Referred to International Criminal Court,” Karen News, 9 January 2022

2 “United Nations calls for halt of weapons to Myanmar,” Reuters, 19 June 2021

3 “Myanmar Humanitarian Update No.14 | 17 January 2022” UN Office for the Coordination of Humanitarian Affairs

4 “Thai Red Cross Urges Government To Formalise Humanitarian Assistance,” Thaiger, 8 November 2021

5 “Asean leaders agree 5-point plan for Myanmar,” Bangkok Post, 25 April 2021

6 “Myanmar: Escalation of conflict in the Southeast Flash Update,” United Nations Office for the Coordination of Humanitarian Affairs, 13 January 2022

7 “NUG Accuses Myanmar Junta of Committing Crimes Against Humanity,” The Irrawaddy, 14 January 2022. See also; “Attacks on civilians in Myanmar ‘crimes against humanity, UN,” Al Jazeera, 6 November 2021

8 “Attacks on civilians in Myanmar ‘crimes against humanity, UN,” Al Jazeera, 6 November 2021

9 “More than 700 Refugees of Fighting in Myanmar’s Kayah State in Dire Need at Thai Border,” Radio Free Asia, 15 July 2021

10 Ibid

11 “Civilians Dig Bunkers to Hide from Regime Airstrikes in Karenni State,” Kantarawaddy Times, 27 January 2022

12 “Junta cuts off utilities to Karenni State capital under siege,” Myanmar Now, 12 January 2022

13 “Over 170 000 People Displaced by Clashes in Myanmar’s Kayah State,” The Irrawaddy, 25 January 2022

14 Ibid

15 “Karenni Police Want Regime Tried In ICC For Killing Civilians,” Kantarawaddy Times, 22 January 2022

16 “Burmese flee bombardment as junta ‘makes example’ of city of Loikaw,” The Guardian, 14 January 2022

17 See update from Karenni Human Rights Group, 25 December 2021

19 “Doctor says victims of Karenni State massacre ‘murdered in cruelest, most inhumane manner,” Myanmar Now, 4 January 2022

20 Ibid

21 Ibid

22 Ibid

23 Ibid

24 See joint statement: 67 Karenni Community Organizations from Around the World Demand the Burmese Military Junta to be Held Accountable for the Massacre of the 40 Unarmed Civilians and other crimes, 30 December 2021.

25 "Statement on the Massacre of Karenni People by Terrorist Military Junta," 59 Civil Society Organizations, 26 December 2021

26 "Bi-weekly situation update by the Karenni Civil Society Network," The Karenni Civil Society Network, 3 Jan - 16 Jan 2022

27 "Fleeing Urban Warfare in Loikaw," Myanmar Now, 14 January 2022

28 Ibid

29 Ibid

30 "Half of Kayah State capital flees in face of military airstrikes," DVB English, 10 January 2022

31 Ibid

32 "Burmese flee bombardment as junta 'makes example' of city of Loikaw," The Guardian, 14 January 2022

33 "Half of Kayah State capital flees in face of military airstrikes," DVB English, 10 January 2022

34 "Six Myanmar civilians killed in junta airstrikes," Radio Free Asia, 18 January 2022

35 'Nowhere is safe' – two children among six killed as junta bombs camps sheltering civilians in Karenni," Myanmar Now, 17 January 2022

36 "After Residents Flee Fighting, Myanmar Soldiers Loot Town," 14 January 2022, The Irrawaddy

37 "Kayah civilians urged to dig bomb shelters amid Myanmar junta airstrikes," 18 January 2022, The Irrawaddy

38 Ibid

39 Ibid



# "ကမ္ဘာကြီး သိပါစေ..."

KARENNI HUMAN RIGHTS GROUP

NETWORK FOR HUMAN RIGHTS DOCUMENTATION - BURMA
PO Box 67, CMU Post Office, Chiang Mai 50202, Thailand, Mobile: +66 (0) 819 615 992, Tel/Fax: +66 (0) 53 408 149
office@nd-burma.org, www.nd-burma.org